ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
# ချင်းပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၄ – ၂၀၁၅ ခု ၊ ဘဏ္ဍာရေးနှစ်

ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။ )

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄–၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း(၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊(၂)၊(၃)နှင့် (၄) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(signature)

ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉. ၂၀၁ | | ၃၃. ၃၂၇ | ၂၆၂၂. ၆၇၆ | | | | ၂၆၆၅. ၂၀၄ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၄. ၉၉၂ | | | ၁၇၇. ၇၈၆ | | | | ၁၉၂. ၇၇၈ |
| ၃ | ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂. ၃၆၄ | | | | | | | ၂. ၃၆၄ |
| ၄ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၃၃. ၄၉၃ | | | | ၃၃. ၄၉၃ |
| | | ပေါင်း | | ၂၆. ၅၅၇ | | ၃၃. ၃၂၇ | ၂၈၃၃. ၉၅၅ | | | | ၂၈၉၃. ၈၃၉ |

## ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၄ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂၄. ၉၅၀ | | | ၆၃၇. ၅၇၁ | | | | ၈၆၂. ၅၂၁ |
| | ၁ | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅၉. ၈၈၂ | | | ၅၄၁. ၃၇၁ | | | | ၆၀၁. ၂၅၃ |
| | ၂ | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၄. ၃၀၉ | | | | | | | ၂၄. ၃၀၉ |
| | ၃ | | ၃ | မီးသတ်ဦးစီးဌာန | | ၁၄၀. ၇၅၉ | | | ၉၆. ၂၀၀ | | | | ၂၃၆. ၉၅၉ |
| ၂ | | ၂ | | **သမဝါယမ** | ၎င်း | ၃၈. ၃၂၆ | | | | | | | ၃၈. ၃၂၆ |
| | ၁ | | ၁ | သမဝါယမဦးစီးဌာန | | ၂၅. ၁၁၆ | | | | | | | ၂၅. ၁၁၆ |
| | ၂ | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၃. ၂၁၀ | | | | | | | ၁၃. ၂၁၀ |
| ၃ | | ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | ၃၁. ၀၁၈ | | | ၁၁၂. ၅၂၂ | | | | ၁၄၃. ၅၄၀ |
| | ၁ | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၁. ၀၁၈ | | | ၁၁၂. ၅၂၂ | | | | ၁၄၃. ၅၄၀ |
| ၄ | | ၄ | | **မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | ၄၁. ၉၆၀ | | | | | | | ၄၁. ၉၆၀ |
| | ၁ | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၅. ၉၆၀ | | | | | | | ၃၅. ၉၆၀ |
| | ၂ | | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၆. ၀၀၀ | | | | | | | ၆. ၀၀၀ |
| ၅ | | ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | ၉၄. ၆၈၃ | | | | | | | ၉၄. ၆၈၃ |
| | ၁ | | ၁ | သစ်တောဦးစီးဌာန | | ၉၄. ၆၈၃ | | | | | | | ၉၄. ၆၈၃ |
| ၆ | | ၆ | | **အားကစား** | ၎င်း | ၁၉. ၂၅၃ | | | | | | | ၁၉. ၂၅၃ |
| | ၁ | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၉. ၂၅၃ | | | | | | | ၁၉. ၂၅၃ |
| ၇ | | ၇ | | **ဘဏ္ဍာရေး** | ၎င်း | | ၆၁. ၂၈၆ | | ၁၈. ၀၀၀ | | ၁၅၃၂. ၄၀၉ | | ၁၆၁၁. ၇၀၅ |
| | ၁ | | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၆၁. ၂၈၆ | | ၁၈. ၀၀၀ | | ၁၅၃၂. ၄၀၉ | | ၁၆၁၁. ၇၀၅ |
| ၈ | | ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | ၄၃. ၄၈၀ | | | ၅. ၄၅၆ | | | | ၄၈. ၉၃၆ |
| | ၁ | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၃. ၄၈၀ | | | ၅. ၄၅၆ | | | | ၄၈. ၉၃၆ |
| ၉ | | ၉ | | **ဆောက်လုပ်ရေး** | ၎င်း | ၄၃၁. ၄၆၅ | | | ၂၆၆၀. ၁၁၄ | | | | ၃၀၉၁. ၅၇၉ |
| | ၁ | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၁. ၂၉၅ | | | | | | | ၁၁. ၂၉၅ |
| | ၂ | | ၂ | အဆောက်အအုံလမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၄၂၀. ၁၇၀ | | | ၂၆၆၀. ၁၁၄ | | | | ၃၀၈၀. ၂၈၄ |
| | | | | ပေါင်း | | ၉၂၅. ၁၇၅ | ၆၁. ၂၈၆ | | ၃၄၇၇. ၆၆၃ | | ၁၅၃၂. ၄၀၉ | | ၅၉၉၂. ၅၇၃ |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၂ | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | | ၁. ၁၀၀ | | | | ၁. ၁၀၀ |
| ၁ | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁. ၁၀၀ | | | | ၁. ၁၀၀ |
| | | ပေါင်း | | | | | ၁. ၁၀၀ | | | | ၁. ၁၀၀ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၈. ၆၀၅ | | | | | | | ၅၈. ၆၀၅ |
| ၁ | | ပေါင်း | | ၅၈. ၆၀၅ | | | | | | | ၅၈. ၆၀၅ |